# မြန်မာပြည်တွင်းဖြစ်ပွားနေသည့် လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြလှုပ်ရှားမှုများအပေါ် နအဖစစ်အစိုးရ၏ အကြမ်းဖက်တုန့်ပြန်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ တုန့်ပြန်ပြောဆိုချက်များ

ယနေ့ မြန်မာပြည်တွင်းတွင် ပြည်သူလူထုလက်တွေ့တွေကြုံခံစားနေရသည့် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး နှင့် အထွေထွေကုန်ဈေးနှုန်း ကြီးမြင့်ခဲ့ခြင်းများ စသည့် လူမှုဒုက္ခအကြပ်အတည်းများကြောင့် ဖြစ်ပေါ်လာသည့် ဆန္ဒပြလှုပ်ရှားမှုများအား နအဖစစ်အစိုးရမှ လူမဆန်စွာ အကြမ်းဖက် နှိပ်နင်းခဲ့သည့် အပေါ် နိုင်ငံတကာခေါင်းဆောင်များတချို့၏ ပြောကြားချက်များကို ထုတ်နှုတ်တင်ပြလိုက်ခြင်းဖြစ်သည်။



အမေရိကန်သမတ အိမ်ဖြူတော်

“ပြည်သူလူထုရဲ့ လွတ်မြောက်လိုတဲ့ ဆန္ဒကိုသွေဖည်ပြီး
ရပ်တည်ဖို့ဆိုတာ မလုပ်ထိုက်ဘူး။
အကြမ်းဖက်မှုတွေကို ချက်ခြင်းရပ်လိုက်ရမယ်”



Wang Guangya (ကုလသမဂ္ဂဆိုင်ရာ တရုတ်သံကိုယ်စားလှယ်)

“အခုအချိန်မှာ အရေးအကြီးဆုံးက သူတို့တိုင်းပြည်မှာ အေးချမ်းတည်ငြိမ်မှုကို အမြန်ဆုံးပြန်ရသွားစေဖို့နဲ့ တခြားအရေးကြီးတာတစ်ခုက အဲဒီမှာ အထူးအကြံပေးအရာရှိတယောက်အဲဒီမှာ ရှိနေစေဖို့ဖြစ်ပါတယ်။ ပိတ်ဆို့မှုတွေလုပ်နေတာက လက်ငင်းအခြေအနေတွေအေးဆေးတည်ငြိမ်သွားစေလိမ့်မယ်မဟုတ်ပါဘူး”

“တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အိမ်နီးခြင်းနိုင်ငံတခုဖြစ်တယ်။ ဒါကြောင့် ကျနော်တို့အနေနဲ့ တခြားသူတွေထက်စိုးရိမ်ပူပန်နေပြီး မြန်မာနိုင်ငံမှာ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီအသွင်ပြောင်းရေးတိုးတက်မှုတွေကို ပိုပြီးမြင်ချင်ပါတယ်”



Miss Louise Arbour
(ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်နာမင်းကြီး)

“မြန်မာပြည်ကငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်လို့ အဖမ်းခံရသူတွေအတွက်
အထူးစိုးရိမ်နေပါတယ်။ သူတို့ကိုရော
အခြားနိုင်ငံရေးအကျဉ်းသားတွေကိုပါ ပြန်လွှတ်ပေးပြီး
အခြေခံလူ့အခွင့်အရေးတွေကို သေသေချာချာလေးစားဖို့
အာဏာပိုင်တွေကိုတောင်းဆိုပါတယ်”
(သူမ၏သက်တမ်းအတွင်း မြန်မာပြည်၏လူ့အခွင့်အရေးအခြေအနေ
အပေါ် ထုတ်ဖော်ပြောလေ့မရှိသဖြင့် အဝေဖန်ခံနေရသူတဦးဖြစ်သည်။)



George Yeo (အေဆီယံဆိုင်ရာ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး)

“အာဆီယံနိုင်ငံရေးသမားတွေက မြန်မာပြည်မှာ
သူတို့ရဲ့ခံစားချက်အစစ်အမှန်တွေကို
ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြနေမှုတွေအပေါ်မှာ
ရက်စက်ကြမ်းတမ်းတဲ့ နည်းလမ်းတွေသုံးပြီး
ဖိနှိပ်ဟန့်တားတဲ့အတွက် လူပေါင်းများစွာသေကြေခဲ့ရတာ
တွေ့မြင်နေခဲ့ရတယ်”



မစ္စတာပင်ဟေးရိုး
(မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်)

“ဩဂုတ် (၁၉) ရက်နေ့က စတင်ခဲ့တဲ့ ဆန္ဒပြပွဲများအတွင်း
လူတရာကျော်ကို ရက်ရက်စက်စက်ရိုက်နှက်ဖမ်းဆီးခြင်းဟာ
နိုင်ငံတကာရဲ့ လူ့အခွင့်အရေးစံနှုန်းတွေကို
ချိုးဖောက်တာဖြစ်တဲ့အတွက်
နိုင်ငံတကာအသိုင်းအဝိုင်းတခုလုံးကို
စော်ကားလိုက်ခြင်းဖြစ်တယ်”



John Howard (ဩစတြေးလျား နိုင်ငံခြားရေးဝန်ကြီး)

“ထိတ်လန့်စရာကောင်းတဲ့
အကြမ်းဖက်မှုတွေကို ရက်ရက်ရောရောကျူးလွန်ရဲတဲ့
လုံးဝဥဿုံ ရွံရှာစက်ဆုပ်ဖွယ်ကောင်းတဲ့ စစ်အုပ်စုဖြစ်တယ်”



ဘုန်းတော်ကြီး ဒလိုင်လားမား

“ကျနော်ဟာ မြန်မာပြည်ဒီမိုကရေစီရေးလက်ရှိငြိမ်းချမ်းစွာ
လှုပ်ရှားမှုကိုထောက်ခံခြင်းနဲ့ တစည်းတလုံးတည်းရှိခြင်းကို
ပိုမြင့်တင်ထားပါတယ်။
သူတို့ရဲ့လွတ်လပ်ရေးနဲ့ဒီမိုကရေစီတောင်းဆိုချက်ကို
ကျနော်အပြည့်အဝထောက်ခံတယ်။ ကမ္ဘာတလွှားက
လွတ်လပ်မှုမြတ်နိုးတဲ့လူသားတွေကိုလဲ
ဒီလိုအကြမ်းမဖက်လှုပ်ရှားမှုတွေကိုထောက်ခံကြဖို့ပန်ကြားပါတယ်”



Vishvapani (အနောက်နိုင်ငံဆိုင်ရာ ဗုဒ္ဓဘာသာအသင်းဝင်)

“ရဟန်းတော်တွေဟာ ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ မင်းကျင့်တရားဆယ်ပါးထဲက ‘ပြည်သူကို ရင်ဝယ်သားပမာ ကျင့်ကြံရမယ်’ဆိုတဲ့ မိခင်တယောက်က သူ့ရင်သွေးအပေါ်မှာထားတဲ့ ဆုံးစမရှိတဲ့မေတ္တာတရားမျိုးနဲ့၊ မိမိရဲ့ရင်ခွင်တွင်းကသားငယ်ဟာ အမိရင်ကို ခြေဖြင့်ကန်ကျောက်၊ မျက်နှာကို လက်ဝါးဖြင့် ရိုက်ပုတ်စေကာမူ အပြုံးမပျက်ချစ်ခင်နိုင်သော မိခင်မေတ္တာမျိုးဖြင့် ပြည်သူကိုစောင့်ရှောက်ရမယ်ဆိုတဲ့ တရားတော်တွေကို ဟောပြောနေကြပါတယ်”



ဘိုနို (ယူတူးအဖွဲ့ ရှေ့ထွက်အဆိုတော်)

“ငြိမ်းချမ်းစွာဆန္ဒပြနေတဲ့သူတွေကို စစ်တပ်ကပစ်ခတ်နေတာ
ကမ္ဘာ့ သတင်းမီဒီယာတွေမှာတွေ့နေရတဲ့အတွက်
မြန်မာပြည်သူများနဲ့အတူ ခံစားရပါတယ်။
သူတို့တိုင်းပြည်ရဲ့ကြမ္မာဆိုးတွေကြောင့် ကျနော်ကောင်းကောင်း
မွန်မွန်မအိပ်ခဲ့ရဘူး။ ကမ္ဘာသူကမ္ဘာသားတွေက
သူတို့ကိုစောင့်ကြည့်နေသင့်တယ်။
ဆက်ပြီး သူတို့ဘာတွေဆက်ဖြစ်လာမလဲဆိုတာပေါ့”



ဂျင်မ်ကာရေး (ကမ္ဘာကျော် ဟာသမင်းသား)

“Inquiries un.org ကတဆင့် အီးမေးလ်ရေးကြပြီးတော့
မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပျက်နေတဲ့အခြေအနေတွေအတွက်
လုံခြုံရေးကောင်စီကတဆင့် ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်ဖို့
ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကို
ဝိုင်းဝန်းတိုက်တွန်းကြစေချင်ပါတယ်။
ကျနော်နဲ့အတူပူးပေါင်းပြီးတော့ မေတ္တာတရားကို
ရှာဖွေကြရအောင်ပါ”

# ဝမ္မနဲ့ အဝမ္မ တိုက်ပွဲထဲက ရဲရဲတောက်အသံများ

နိုင်ငံတဝှမ်းတွင်ဖြစ်ပေါ် ဆန္ဒပြပွဲများနှင့်ပတ်သက်၍ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်အချို့မှ ထုတ်ဖော်ပြောဆိုသည့် ကောက်နုတ်ချက်များ ဖြစ်သည်။







"လူတွေကိုဖမ်းရုံထောင်ချရုံနဲ့ တိုင်းပြည်ကိုတိုးတက်အောင်လုပ်လို့မရဘူး။ ပြည်သူ့ဘက်က ရပ်တည်လုပ်ဆောင်နေသူတွေကို အရေးယူမယ်ဆိုရင် ပြည်သူ့ရှေ့မှောက်မှာ သတ္တိရှိရှိစစ်ဆေးဖို့ စစ်အစိုးရကိုတောင်းဆိုပါတယ်။ ဒါတွေကို ပြည်သူတွေသိတယ်။ သမိုင်းကလည်း သက်သေပြပါလိမ့်မယ်။ လွတ်လပ်တဲ့တရားစီရင်မှုပုံစံနဲ့ လူထုရှေ့မှာ စစ်ရဲရင်စစ်ပါ။ ဘယ်ဟာအမှား၊ ဘယ်ဟာအမှန်ဆိုတာကို လူထုကိုသက်သေပြရဲရင်ပြပါ။ ကျနော်တို့ပြည်သူတွေ ငတ်နေပါတယ်။ စစ်ဗိုလ်ချုပ်တွေချမ်းသာနေတယ်။ ကျနော်တို့ပြည်သူတွေချမ်းသာအောင် ဘယ်လိုလုပ်ကြမလဲဆိုတဲ့ဟာကို လက်တွေ့ကျကျစဉ်းစားပြီးတော့ နိုင်ငံရေးဖြေရှင်းမှုတွေကိုလုပ်ပါ။ မလုပ်လို့ရှိရင် ကျနော်တို့လူထုဟာ ကျနော်တို့ရဲ့အနာဂတ်ကို ကျနော်တို့ဘာသာ ကျနော်တို့ပုံဖော်ရပါလိမ့်မယ်။ ဒီလိုအခြေအနေဆိုးတွေဟာ ကျနော်တို့ပြည်သူတရပ်လုံးရဲ့ အံကြိတ်ပေါက်ကွဲမှုအထိကို ဦးတည်နေပါပြီ။ ဒါဟာ လိုအပ်လာလို့ရှိရင် ကျနော်တို့လုပ်ကိုလုပ်ရမည့်အခြေအနေတခုပါ။"

(ကိုဌေးကြွယ်သည် ယနေ့အထိလွတ်မြောက်နေဆဲဖြစ်ပြီး ဒီဗွီဘီနှင့်ရေဒီယိုအင်တာဗျူးတခုတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။)

"လောင်စာဆီဈေးကြီးတဲ့ကိစ္စနဲ့ပတ်သက်ပြီး ငြိမ်းချမ်းစွာ ကျမတို့ဆန္ဒထုတ်ဖော်ကြတယ်။ အခြေအနေတွေဆိုးဝါးလာလို့ သမီးလေးခေါ်ပြီး ရှောင်တိမ်းရတယ်။ ဒုက္ခဆင်းရဲအရမ်းရောက်တယ်။ ကျမခံနိုင်ပေမယ့် သမီးလေးကျန်းမာရေးအတွက် ပြန်ပို့လိုက်ရတယ်။ အခု သမီးနဲ့ခွဲနေရတော့ အတော်စိတ်မကောင်းဖြစ်မိတယ်။ ကျမ မိခင်ကောင်းမပီသတဲ့ပုံစံမျိုးဖြစ်နေတယ်ပေါ့။ ဒါပေမယ့် ကျမတခု ကျမဟာ ကျမအားပြုတယ်။ သမီးလေးရဲ့ငိုကြွေးသံဟာ ပြည်သူတွေရဲ့လက်ခုပ်သံအဖြစ် ကျမကြားချင်တယ်။ ကျမတို့ကျောင်းသားတွေဟာ ကိုယ့်ရဲ့အသက်တွေ၊ ဘဝတွေ၊ နှလုံးသားတွေရောစတေးပြီး ပြည်သူတွေရဲ့အခက်အခဲအကြပ်အတည်းကိုဖြေရှင်းပေးဖို့ ပြည်သူတွေရှေ့မှာ မားမားမတ်မတ်ရောက်ရှိနေတယ်။ အဲ့ဒီအတွက် ပြည်သူတွေအားလုံးကို ကျောင်းသားတွေနဲ့လက်တွဲဖို့ ကျမဒီနေရာကနေပြောချင်ပါတယ်ရှင့်။"

(မနီလာသိန်းသည် အဖမ်းမခံဘဲရှောင်တိမ်းနေရင်း ဒီဗွီဘီနှင့်ရေဒီယိုအင်တာဗျူးတခုတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။)

"ကျမတို့နိုင်ငံမှာ စစ်အာဏာရှင်တွေဟာ လမ်းတွေမှာရေးထားတယ်။ ဒီမိုကရေစီနိုင်ငံသစ်ဆိုပြီးတော့ အဝေးပြေးလမ်းမဘေးတွေမှာ ရေးထားတာရှိပါတယ်။ ဒီမိုကရေစီနိုင်ငံဆိုတာ ဒီမိုကရေစီနိုင်ငံစာလုံးပေါ်မှာ ပိတ်ဖြူပေါ်မှာ စာလုံးတင်ပြီးရေးရုံနဲ့ ဒီမိုကရေစီနိုင်ငံမဟုတ်ပါဘူး။ ဒီမိုကရေစီနိုင်ငံဆိုတာမျိုးဟာ ကိုယ့်အခွင့်အရေးတွေ၊ ကိုယ့်ဆန္ဒတွေကို ဖော်ထုတ်ပိုင်ခွင့်ရှိပါတယ်။ အဲ့လိုဖော်ထုတ်ပိုင်ခွင့်မရှိဘူး။ လူ့အခွင့်အရေးအဲသည်လောက်တောင် ရိုင်းရိုင်းစိုင်းစိုင်းချိုးဖောက်နေမယ်ဆိုရင် ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ဆိုတဲ့စာတမ်းကိုဖြုတ်ဖို့ အချိန်တန်နေပြီလို့ကျမပြောချင်ပါတယ်။ ကျမတို့နိုင်ငံမှာ အခုလိုမျိုးအကြမ်းဖက်မှုတွေ၊ အခုလိုမျိုး ပြည်သူအချင်းချင်းကို အတင်းအဓမ္မအကြမ်းဖက်နှိမ်နင်းမှုတွေအားလုံးကို ရပ်တန်းကရပ်စေချင်ပါတယ်လို့ ပြောချင်ပါတယ်။"

(မစုစုနွေးသည် လှည်းတန်းဆန္ဒပြပွဲအပြီး ဒီဗွီဘီနှင့်အင်တာဗျူးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။)

"ပြည်သူလူထုရဲ့လုပ်ရပ်တိုင်းကို တည်ဆဲဥပဒေနဲ့ခြေကျင်းခတ်၊ ဒေါက်ခတ်ထားမယ်ဆိုရင်တော့ ပြည်သူလူထုတင်မကဘူး။ ဒီစစ်အစိုးရဟာ မြန်မာပြည်မြေပုံတခုလုံးကိုပါ ထောင်သွင်းအကျဉ်းချပြီးတော့ အသေထည့်လိုက်တာနဲ့ အတူတူပဲလို့ကျနော်ပြောချင်တယ်ဗျာ။ အဲဒီတော့ပြည်သူတွေရဲ့လွတ်လပ်မှုကို ဥပဒေမဲ့ထင်တိုင်းကန့်သတ်ထားဆီးနေခြင်းဟာ ဥပဒေမဲ့လုပ်နေတာနဲ့အတူတူပါပဲ။
(ကိုအောင်သူသည် အဖမ်းဆီးမခံတိမ်းရှောင်နေရဆဲ ဒီဗွီဘီနှင့်အင်တာဗျူးတွင် တည်ဆဲဥပဒေများဖြင့် ခြိမ်းခြောက်နေသောစစ်အစိုးရအားတုန့်ပြန်ပြောကြားချက်ဖြစ်သည်။)

# မြန်မာနိုင်ငံဝါရင့်သတင်းစာဆရာကြီးများမှစစ်အစိုးရထံတိုက်တွန်းချက်

စက်တင်ဘာ (၂၀) ရက်နေ့တွင် မြန်မာနိုင်ငံတဝှမ်းမှ သံဃာတော်များ၏ သပိတ်မှောက်တောင်းဆိုဆန္ဒပြမှုအပေါ် နအဖစစ် အစိုးရအနေဖြင့် ငြိမ်းချမ်းသောနည်းလမ်းသုံး၍ အမြန်ဖြေရှင်းပေးသင့်ကြောင်း မြန်မာ့ဝါရင့်စာရေးဆရာနှင့် သတင်းစာဆရာကြီးများက တိုက်တွန်း တောင်း ဆိုခဲ့သည်။

စာရေးဆရာကြီးဒဂုန်တာရာမှ "အခုကိစ္စဟာ အခြေအနေသစ်တွေပါ။ ဗုဒ္ဓဘာသာထွန်းကားတဲ့မြန်မာပြည်မှာ ဒီသံဃာတော်တွေရဲ့သပိတ်မှောက်မှုဟာ အတော်ကြီးမားတဲ့လှုပ်ရှားမှုကြီးတခုလို့ပြောနိုင်တယ်။ ပြည်သူ့ဆန္ဒကိုကိုယ်စားပြုတဲ့ ဆန္ဒပြပွဲကြီးလို့လည်းဆိုနိုင်ပါတယ်။ အကြမ်းနည်းနဲ့မဖြေရှင်းဘဲ အေးချမ်းတဲ့နည်းလမ်းတွေနဲ့ဖြေရှင်းမယ်ဆိုရင် ပြေလည်သွားနိုင်ပါတယ်။ လူထုနဲ့သံဃာတွေရဲ့လှုပ်ရှားမှုဟာလည်း ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ဆန္ဒပြတာဆိုတော့ ငြိမ်းချမ်းစွာပဲဖြေရှင်းရမှာပါ။ ပြေလည်စရာလည်းရှိပါတယ်။ ဒါကောင်းတဲ့လက္ခဏာလို့လည်းယူဆပါတယ်"ဟုပြောဆိုရှင်းလင်းသွားခဲ့သည်။

သတင်းစာဆရာကြီးကြေးမုံဦးသောင်းမှ "ဆရာတော်တွေ၊ သံဃာတော်တွေအတွက် မဖြစ်ထိုက်တဲ့ကိစ္စပါ။ ဒကာတွေ၊ လူတွေဒုက္ခရောက်တော့ သံဃာတွေလည်းမကြည့်ရက်နိုင်လို့ ခုလိုအလုပ်တွေကို လုပ်ရတာ အရမ်းဝမ်းနည်းစရာကောင်းပါတယ်။ နအဖဟာ သူ့တို့မူဝါဒတွေ လမ်းစဉ်တွေမပြင်ပဲနဲ့ တော့ဖြေရှင်းဖို့မလွယ်ဘူး။ ပြည်သူတွေစားဝတ်နေရေးပြေလည်အောင်လုပ်ပေးမှသာ သံဃာတော်တွေကို အကြမ်းဖက်ဖိနှိပ်မှုတွေမလုပ်ပဲ ရှိခိုးတောင်းပန်ကျေအေးမှသာ တိုင်းပြည်သာယာနိုင်တဲ့လမ်းရှိတယ်။ တခြားလမ်းတော့ မမြင်ဘူး"ဟု ဝေဖန်ပြောဆိုခဲ့သည်။

သတင်းစာဆရာကြီး ဦးစိန်လှဦးမှ "နိုင်ငံရဲ့အခြေခံပြဿနာဟာ နိုင်ငံရေးပါပဲ။ လက်ငင်းတော့ အထွေထွေကုန်ဈေးနှုန်းကြီးမြင့်တဲ့ စီးပွားရေးပြဿနာပေါ့။ ကျနော်တို့နိုင်ငံမှာလွတ်လပ်မှုတွေ၊ လူ့အခွင့်အရေးတွေ ယနေ့တိုင် ဖော်ဆောင်မှုအားနည်းနေခဲ့တယ်။ လူထုဆန္ဒကိုမလေးမစားနဲ့ နိုင်ငံရေးပြဿနာပိုကြီးထွားလာခဲ့တယ်။ စီးပွားရေးပြဿနာပါကြီးလာခဲ့တယ်။ ဒီတော့ လူထုဟာ ပိုပိုပြီးဆင်းရဲတွင်းနက်လာရတယ်။ ဒီပြဿနာတွေကို တကယ်တော့ အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံ ပေါ်ကပဲဖြေရှင်းသွားရမှာပါ"ဟု ပြောဆိုခဲ့သည်။

# မြန်မာနိုင်ငံ စာပေနှင့်အနုပညာရှင်များ၏ပြောဆိုချက်များ

လက်ရှိဖြစ်ပေါ်နေသည့် ဆန္ဒပြ သပိတ်မှောက်မှုများအပေါ် မြန်မာနိုင်ငံစာပေနှင့် အနုပညာရှင်များမှလည်း မိမိတို့၏ရင်တွင်းရှိစကားများကို ဖွင့်အံထုတ်ဖော်ပြောကြားခဲ့သည်။

ရုပ်ရှင်သရုပ်ဆောင် ကျော်သူမှ



"သံဃာတော်များကိုယ်ထိလက်ရောက် စော်ကားတာဟာ ကိုယ့်မိဘကိုစော်ကားသလိုဖြစ်သဖြင့် သံဃာတော်ရယ်လို့မဟုတ်ပါဘူး။ လူတယောက်အနေနဲ့မတရား ဥပဒေမဲ့အရိုက်အနှက်ခံရယင် တော်တော်ခံစားရမှာပါ။ အခုပိုဆိုးတာဟာ ဘုရားသားတော် သံဃာတော်တွေဖြစ်လို့ တပြည်လုံးသံဃာတော်တွေမခံနိုင်သလို ဗုဒ္ဓကိုယ်စား ဒီသံဃာတော်တွေကို ကိုးကွယ်အားထားနေရတဲ့ ပြည်သူတွေလည်း မခံမရပ်နိုင်ပါဘူး။ ဒါကြောင့် သပိတ်မှောတ်ကံဆောင်မယ်ဆိုတာကိုလုပ်သင့်တယ်လို့ယူဆပါတယ်။ "



ဟာသသရုပ်ဆောင် ကိုသူရ (ဇာဂနာ)

ပြည်သူတွေရဲ့ပိုက်ဆံ၊ ပြည်သူတွေရဲ့ ချွေးနည်းစာကို တိုက်ရိုက်စားသုံးသူတွေဟာ အနုပညာရှင်တွေပဲဖြစ်ပါတယ်။ ဒီအနုပညာရှင်တွေဟာ ပြည်သူ့အခွန်အခကနေတဆင့်ယူပြီး လခစားလုပ်နေတဲ့လူမဟုတ်ပါဘူး။ ပြည်သူတွေရဲ့ပိုက်ဆံကို တိုက်ရိုက်စားနေတဲ့ အနုပညာရှင်တိုင်းမှာ ပြည်သူ့ဒုက္ခနဲ့ပတ်သက်လာရင် တာဝန်ကိုရှိပါတယ်။ ပြည်သူတွေဆင်းရဲရင် အနုပညာသည်တွေလည်းဆင်းရဲပါတယ်။ ပြည်သူတွေချမ်းသာရင် အနုပညာရှင်တွေလည်း ချမ်းသာပါတယ်။

ကဗျာဆရာ ကိုအောင်ဝေး



"အခုသံဃာတော်တွေ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်နေကြတယ်။ သံဃာတော်တွေရဲ့ရှေ့မှာ (၈၈) မျိုးဆက်ကျောင်းသားတွေရယ်၊ အဲန်အယ်လ်ဒီလူငယ်တွေရယ် ရဲရဲရင့်ရင့် ဆန္ဒဖော်ထုတ်ခဲ့ကြတယ်။ ဒီလိုအချိန်မှာ ပြည်သူလူထုရဲ့ချစ်ခင်မှုကိုရရှိတဲ့၊ ပြည်သူလေးစားချစ်ခင်ရတဲ့စာပေသမားတွေ၊ ရုပ်ရှင်သမားတွေ၊ ဂီတသမားတွေ၊ မော်ဒယ်လ်တွေဟာ ကိုယ့်စာပေ၊ ရုပ်ရှင်၊ ဂီတ၊ မော်ဒ်လ်အလုပ်နဲ့ပဲ ကွက်ကွက်ကလေးလုပ်နေလို့ မရတော့ပါဘူး။"



အဆိုတော် စံလင်း

"သံဃာတော်တွေ အရိုက်အနှက်ခံရတယ်ဆိုတာတော့ မကောင်းဘူးပေါ့ဗျာ။ သူတို့လည်း သူတို့တတ်နိုင်တဲ့ဘက်ကနေ မေတ္တာပို့ကြတာပေါ့။ ကျနော်တို့ကတော့ ပြည်သူတွေ စီးပွားရေးချောင်လည်နေတာပိုကောင်းတာပေါ့ဗျာ။ လုပ်သင့်လုပ်ထိုက်တယ်လို့ထင်တယ်"



ရုပ်ရှင်သရုပ်ဆောင် ထွန်းအိန္ဒြာဗိုလ်

"မကောင်းဘူးဆိုတာ ကိုယ့်သားသမီးတောင်ကိုယ်မရိုက်ရက်တာပဲလေ။ သံဃာတော်တွေကို ရိုက်ကြပုတ်ကြတဲ့အနေအထားကတော့ မကောင်းဘူးပေါ့။ ကျမသားလေး ကျမလက်နဲ့တောင်မတို့ရက်ဘူး။ အဲလိုသဘောပါပဲ"

တေးရေးဆရာ ကိုရဲလွင်

"ကျနော်တို့ကတော့ စင်စင်ကြယ်ကြယ် ငါးပါးသီလကိုလုံခြုံဖို့တိုက်တွန်းနှိုးဆော်နေတာကြာပါပြီ။ မဟုတ်တာလုပ်ထားတဲ့သူတွေကတော့ ကြောက်ကြတာပေါ့။ မေတ္တာနဲ့လှည့်နေတာကို ကျနော်တို့နှစ်သက်ပါတယ်။ ကျနော်ကိုယ်တိုင်အပြီးသတ်လေးဖူးလိုက်ရတယ်။ ကျနော်နဲ့လွဲနေတယ်။ သံဃာတွေနဲ့လေ၊ အများစုကတော့ငိုကြတယ်။ ကျနော်ကိုယ်တိုင်တွေ့ရတဲ့အချိန်မှာတော့ ငိုတဲ့လူမရှိတော့ဘူး။ တနေ့ထက်တနေ့ ရင့်ကျက်လာကြတယ်။ ဒီနေ့သံဃာတော်တွေ ပိုပြီးတော့များလာတယ်ဗျာ။ သီလစောင့်တဲ့သူကိုတော့ သီလအကျိုးပေးမှာပေါ့"